# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာ ဒေသများလုပ်ကိုင်နိုင်သောအခွင့်အရေးပေးရေးအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၆။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာဒေသများလုပ်ကိုင်နိုင်သောအခွင့်အရေး ပေးရေးအက်ဥပဒေ ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ပြည်ထောင်စုနိုင်ငံအစိုးရသည်၊ ပြည်ထောင်စုနိုင်ငံအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာ ဒေသများကို လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သောအခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁၉ တွင် ရည်ညွှန်းထားသော သီးခြားခြွင်းချက်စည်းကမ်းများအဖြစ်ဖြင့် အောက်ဖော်ပြသော စည်းကမ်းများနှင့်မညီညွတ်လျှင် မည်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းကိုမျှပေးနိုင်ခွင့်မရှိစေရ။

(က) ပြည်ထောင်စုနိုင်ငံသား တဦး တယောက် က သော်၎င်း၊ ပြည်ထောင်စုနိုင်ငံသားများ ထံမှ အနည်းဆုံးရာခိုင်နှုန်းခြောက်ဆယ်မျှပါဝင်သည့်ငွေရင်းရှိသော ကုမ္ပဏီ တခုခု က၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုကသော်၎င်း ထိုပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာဒေသများကို နိုင်ငံတော်အကျိုးဖြစ်ထွန်းအောင် လုပ်ကိုင်ရန်ဖြစ်စေ၊ တိုးတက်အောင် ပြုရန်ဖြစ်စေ၊ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန်အကြောင်းရှိခြင်း။

(ခ) အထက်အပိုဒ် (က) တွင် ဖော်ပြထားခြင်း မရှိသော ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား၊ ထိုလုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင် ပြုလုပ်နိုင်သောအခွင့်အရေးမျိုးကိုမပေးဘဲနေခဲ့သော်၊ ပြည်ထောင်စုနိုင်ငံ၏အကျိုးစီးပွါးကို ပျက်ပြားစေမည်ဟူ၍နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန်အကြောင်းရှိခြင်း။

(ဂ) အခွင့်အရေးကို အသစ်ထုတ်ပေးရာ၌၎င်း၊ အဟောင်းကို ထပ်မံပြုပြင်ထုတ်ပေးရာ၌၎င်း ထိုအခွင့်အရေးသည်၊ တည်ဆဲဖြစ်သော အင်းအိုင်နည်းဥပဒေများအရသာလျှင်ဖြစ်စေခြင်း။

(ဃ) ထိုအခွင့်အရေးကို နိုင်ငံတော်အစိုးရ၏ စီးပွါးရေးစီမံကိန်းနှင့် အညီအညွတ်ဖြစ်စေခြင်း။

အဘိုး—၁၀ ပြား]

၃။ ။(၁) နိုင်ငံတော်အစိုးရသည်၊ ဤအက်ဥပဒေပါ ကိစ္စများနှင့်ရည်ရွယ်ချက်များကိုဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြေညာချက်တရပ်ထုတ်ပြန်၍ နည်းဥပဒေများ ပြုလုပ်နိုင်သည်။

(၂) အထူးသဖြင့် ဤကဲ့သို့ ဆိုခဲ့ပြီးသော အခွင့်အာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ နည်းဥပဒေများတွင် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းစေရမည်။

(က) ဤအက်ဥပဒေကိစ္စများနှင့် ရည်ရွယ်ချက်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအား ကူညီရန်အလို့ငှါ အဖွဲ့တခု ဖွဲ့စည်းရေး။

(ခ) စက်မှု လက်မှုဘက်တွင်၎င်း၊ ငါးဖမ်းခြင်းဘက်တွင်၎င်း၊ စီမံအုပ်ချုပ်မှုဘက်တွင်၎င်း နိုင်ငံသားများကို သင်ပေးခန့်ထားစေရေး။

(ဂ) မည်သည့် ပင်လယ်ငါးဖမ်းဆိုင်ရာဒေသများကို လုပ်ကိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုသောကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းတွင် အစိုးရထံမှသော်၎င်း၊ နိုင်ငံသားများထံမှသော်၎င်း မည်မျှငွေရင်းပါရှိစေရေး။

ပ၊မှ၊ဗ၊စ၊—အမှတ် ၁၁၊ ဇ. ညားရေးဝန်ကြီးဌာန၊ ၁၇-၁၁-၅၂—၂,၀၀၀—၂။